# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇။)

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတ တစ်ဦးအား ဦးဆောင်စေပြီး အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်